# အမေဆိုတာ

ရွန်က အသက်ဆယ့်ငါးနှစ်အရွယ် ဆယ်တန်းကျောင်းသား တစ်ယောက်ပါ၊ Granger အထက်တန်းကျောင်းမှာ တက်ရောက်နေပါတယ်၊ဆယ်တန်းကျောင်းသားတစ်ယောက်ဖြစ်တဲ့ ရွန်အဖို့ ကျောင်းကိုယ်စားပြု ဘောလုံးအသင်းမှာ ပါဝင်ခွင့်ရခြင်းဟာ အလွန်မှရှားတဲ့ အခွင့်အရေးပါပဲ၊ ဒီနေ့ ရွန်တို့ Granger ကျောင်းအသင်းရဲ့ အထူးပွဲရှိတဲ့နေ့ပေါ့၊ ရွန်က စိတ်လှုပ်ရှားမှုအပြည့်နဲ့ သူ့မိခင်ကို ဒီနေ့ကစားပွဲလာရောက်ကြည့်ရှုဖို့ ဖိတ်ကြားခဲ့ပါတယ်၊ ဒီပွဲဟာ ရွန်မိခင်အတွက် သူမဘဝမှာ ပထမဆုံးကြည့်ဖြစ်မယ့် ဘောလုံးပွဲပါ၊ သူမ လာဖြစ်အောင်လာခဲ့မယ်လို့ ကတိပြုခဲ့ပါတယ်၊ နောက်ပြီး သူ့သူငယ်ချင်းတွေကိုလည်း ခေါ်ခဲ့မယ်လို့လည်း ပြောပါတယ်၊ ဒီနေ့ပွဲမှာ ရွန်တို့အသင်း နိုင်ပါတယ်။

ဘောလုံးပွဲအပြီးမှာ သားနဲ့အတူ အိမ်ပြန်ဖို့ အဝတ်လဲခန်းအပေါက်ဝက ရွန်မိခင်က စောင့်နေခဲ့ပါတယ်။ ကားပေါ်မှာ ရွန်က သူ့မိခင်ကို "မေမေ၊ ဘယ်လိုလဲ၊ ဒီနေ့ သားတို့အသင်း ကစားတာ၊ ကောင်းတယ်မဟုတ်လား၊မေမေမြင်မှာပေါ့၊ သားတို့ အသင်းသွင်းယူခဲ့တဲ့ ဂိုးသုံးဂိုးကို၊ သားတို့အသင်း ရှေ့တန်းတိုက်စစ်မှူးတွေရဲ့ ထိုးဖောက်ကစားပြီး ဂိုးသွင်းဟူခဲ့တာတွေ၊ အလယ်တန်းသမားတွေရဲ့ လှလှပပ ကစားကွက်ဖော်ပေးဟန်တွေ၊ နောက်တန်းသမားတွေရဲ့ အားကြိုးမာန်တက် ကြိုးစားဖျက်ထုတ်ခဲ့တာတွေကိုလည်း မေမေတွေ့တယ်မဟုတ်လား" လို့ မေးပါတယ်။

ဒီတော့ ရွန်မိခင်က" သား ၊ သားကတော့ တကယ့်ကိုမှ ချီးမွမ်းအံ့သြလောက်တဲ့သားပဲ၊ သားကိုကြည့်ပြီး မေမေအရမ်း ဂုဏ်ယူမိတယ်၊ ဘောလုံးကစားနေချိန်မှာ သားက သားခြေအိတ်ကို ဆယ့်တစ်ကြိမ် မတင်တယ်၊ နောက်ပြီးလည်း သားတို့ဝတ်ထားတဲ့ အားကစားအင်္ကျီကလည်း နည်းနည်းထူပုံရတယ်၊ သားရှစ်ခါတောင် ရေသောက်ပြီး နှစ်ကြိမ်မျက်နှာရေလောင်းတာမေမေတွေ့တယ်၊ နံပါတ် ၁၉ ၊ နံပါတ် ၅ နဲ့ နံပါတ် ၉ တို့ လူစားလဲဖို့ ကွင်းပြင်ထွက်လာတော့ ချီးမွမ်းစကားပြောပြီး သူတို့ကိုအားပေးခဲ့တဲ့ သားရဲ့အပြုအမူကိုလည်း မေမေအရမ်းသဘောကျတယ်။

"မေမေ ဒီလောက်အသေးစိတ် မေမေဘယ်လိုလုပ်မှတ်မိနေတာလဲ၊ နောက်ပြီး ဒီပွဲမှာ သားမကစားခဲ့ပါပဲနဲ့ ဘာဖြစ်လို့ သားကိုချီးမွမ်းအံ့သြလောက်တဲ့သားလို့ ပြောရတာလဲ"လို့ရွန်ကမေးတော့၊ ရွန်မေမေက ပြုံးပါတယ်၊ နောက်ပြီး ရွန်ကိုဖက်ပြီး ပြန်ပြောခဲ့တာက " အော် သားရယ်၊ မေမေက ဘောလုံးအကြောင်း ဘာမှမှ မသိတာ၊ နောက်ပြီး ခုမေမေ ဘောလုံးကွင်းကိုလာခဲ့တာလည်း ဘောလုံးပွဲကြည့်ဖို့မှ မဟုတ်တာ၊ မေမေ့သားကိုကြည့်ဖို့၊ သားလေးကိုအားပေးဖို့ လာခဲ့တာပဲ" တဲ့။

မှတ်ချက်။ ။

Ran Clark ရဲ့ Ron ကို ဘာသာပြန်ထားတာပါ၊ မူရင်းက အမေရိကန် football ပွဲနဲ့ဆက်စပ်တဲ့အကြောင်းပါ၊ အမေရိကန် football နဲ့ရင်းနှီးမှုနည်းပါးတဲ့ မြန်မာပရိသတ်တွေအဖို့ touch down, kickoff စတဲ့ ဝေါဟာရတွေကို ဖမ်းစားနိုင်ဖို့ ခက်ခဲမှာပါ၊ ဒါကြောင့် ပိုပြီးနားလည် ခံစားနိုင်အောင် အင်္ဂလိပ်ဘောလုံး–ကမ္ဘာ့ဘောလုံး–နဲ့ အစားထိုးကာ မြန်မာပြန်ထားပါတယ်။ လှပ ကြီးမားတဲ့ မိခင်မေတ္တာအကြောင်းကို ဖော်ကျူးထားတာမို့ ဘာသာပြန်ဖြစ်တာပါ။ အမေအားလုံး ကျန်းမာကြပါစေ။

ဉာဏ်ဦးမောင်
မတ်လ ၇ ရက်၊ ၂၀၀၇